ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄)

(Village Development Project)

ဟိုပိတ်ကျေးရွာအုပ်စု၊ မန်ကတ်(ကိုးကန့်)ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မန်ကတ်(ကိုးကန့်)ကျေးရွာ၊ လားရှိုးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	မန်ကတ်(ကိုးကန့်)ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	မန်ကတ်(ကိုးကန့်)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	မန်ကတ်(ကိုးကန့်)ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၂
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၂
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၃
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၃
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၃
၇။	**ပညာရေး**	၁၄
၈။	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၄
၉။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၄

၁၀။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	**၁၄**
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	**၁၅**
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	**၁၅**
၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၆**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၂၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၂၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၂၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက် မှု အခြေပြဓာတ်စသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


နိုဝင်ဘာလ၊ ၂၀၂၃ခု

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မန်ကတ်(ကိုးကန့်)ကျေးရွာ
လားရှိုးမြို့နယ်

မနိကတ်(ကိုးကန့်)ကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်


မန်ကတ်ကိုးကန့်ကျေးရွာ၏ သယ်ဇာတပြမြေပုံ
အိမ်
သောင်ပင်
အိမ်ဆိုင်
စားသောက်ဆိုင်
ဟုးဂွမ်ဆိုင်
ဘုရား
ကားလှည်းလမ်း
ဝက်ခြံ
ပြောင်းပင်
ပြောင်းသာလမ်း
ကားလှည်းလမ်း
GAS
101

မန်ကတ်(ကိုးကန့်)ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



မန်ကတ်(ကိုးကန့်)ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

မန်ကတ်(ကိုးကန့်)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ် ၊ ဟိုပိတ် ကျေးရွာအုပ်စု၊ မန်ကတ်(ကိုးကန့်)ကျေးရွာအတွင်း၌တည်ရှိပါသည်။ လားရှိုးမြို့၏ရှေ့ဘက်တွင် တည်ရှိပြီး လားရှိုးမြို့နှင့်(၆)မိုင်ခန့် ကွာဝေးပါသည်။ ဧရိယာအကျယ်အဝန်းမှာ(၁)စတုရန်းမိုင်ရှိပါ သည်။ မန်ကတ်ကျေးရွာသည် ကုန်းမြေအနည်းငယ်သာရှိပြီး အများအားဖြင့် မြေပြန့်ဖြစ်ပါသည်။ ကျေးရွာတွင် အနောက်မြောက်ဘက်တွင် စိမ့်စမ်းရေတွင်းရှိပြီး ၎င်းစိမ့်စမ်းရေတွင်းမှ ရေများကို လယ်ယာများတွင် သာမက ကျေးရွာတစ်ခုလုံးအသုံးပြုနေဖြစ်သည်။ ရွာ၏အနောက်ဘက်တွင် လားရှိုး-မူဆယ်ကုန်သွယ်ရေးလမ်းမကြီး တည်ရှိပြီး တောင်ဘက်တွင် မန်မိုင်ကျေးရွာနှင့် ဟုန်းဟန် ကျေးရွာ၊ အရှေ့ဘက်တွင် ကောင်းတပ်ကျေးရွာနှင့် မြောက်ဘက်တွင် ကျောက်တောင်များတည်ရှိ ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်သည် ။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁)ဧက၊ ယာမြေ/တောင်ယာမြေ(၁၃၃.၅)ဧက၊ စုစုပေါင်း (၁၃၄.၆)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး တောင်ယာ လုပ်ငန်းလုပ်ကိုင်သူများပြားပါသည်။ ကျွန်မတို့ကျေးရွာတွင် မြစ်ချောင်းကြီးများမရှိပါသဖြင့် ကျောက်၊ သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။

သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါ ငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။ ငှက်အမျိုး အစိတ်များအမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့်သစ်တောပြုန်းတီး ခြင်းများကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးလာကြောင်း ယူဆရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် အိမ်ထောင်စု(၁၀၁)အိမ်ရှိပြီး လူဦးရေစုစုပေါင်း (၅၆၄)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅-၅)ဦးရှိပါသည်။ လူဦးရေမှာ ကျား(၃၀၇) ယောက်၊ မ(၂၅၇)ယောက် စုစုပေါင်း(၅၆၄)ဦးရှိပါသည်။ ။ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၂)ယောက်၊ မ(၆)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၈) ယောက် ၊မ (၉)ယောက်၊ အလယ်တန်းကျောင်းသားအရွယ်ကျား(၁၉)ယောက်၊ မ(၃၀)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၂၂၉)ယောက်၊ မ(၁၈၀)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၂၉)ယောက်၊ မ(၃၂)ယောက်ရှိပါသည်။ တရုတ်လူမျိုးအများစုနေထိုင်ကြပြီး နတ်ကိုးကွယ်သူများဖြစ်ကြပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ ကလေးများအားလုံး ပုံမှန်ကာကွယ်ဆေးထိုးပါသည်။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်းအိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းပညာကို စတင်သင်ယူကြပါသည်။ အလုပ်လုပ်နိုင်သောအရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့်စျေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပများသို့သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ဝိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ မန်ကတ်(ကိုးကန့်)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၁)ဧကနှင့် တောင်ယာမြေ(၁၃၃.၅)ဧကရှိပြီး စုစုပေါင်းမြေ(၁၃၄.၆)ဧကရှိပါသည်။ တောင်ယာလုပ်ငန်းကို လုပ်ကိုင်သူနှင့် အခြားဒေသများကို သွားရောက်လုပ်ကိုင်သူ အများအားဖြင့်ရှိပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်း၊ လယ်ယာလုပ်ငန်းပြီးစီးသည်နှင့် အခြားလုပ်ငန်းမှရှိပါ။ အမျိုးသမီးများသည် တောင်ယာ၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ကောက်ရိတ်သိမ်းခြင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

ကိုယ်ပိုင်လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၃၅)စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၉)စုရှိသည်။ အလုပ်သမားအိမ်ထောင်စု(၂)စုရှိသည်။ ယာဉ်

စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းပြင်ဆင်ရေး ကိုယ်ပိုင်လုပ်ကိုင်သူ (၁)စုရှိပါသည်ပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁၁)စုရှိပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၇)စုရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၃)စုရှိတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့စားခကျားလုပ်အားခ အများဆုံးမှာ (၁၂၀၀၀/–)ကျပ်ဖြစ်ပြီး မလုပ်အားခ အများဆုံးမှာ (၁၀၀၀၀/–)ကျပ်ဖြစ်ပါသည်။ အနည်းဆုံးကျားလုပ်အားခ(၁၀၀၀၀)ကျပ်၊ အနည်းဆုံးမလုပ်အားခမှာ (၈၀၀၀/-)ထိရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား /ပန်းရံလုပ်ငန်းအတွက် နေ့စားခများမှာ အများဆုံးကျား(၁၅၀၀၀/-)ကျပ် မ(၁၀၀၀၀/-) ကျပ်၊ အနည်းဆုံးကျား(၁၂၀၀၀/-)ပါသည်။ မ(၈၀၀၀/-)ကျပ်ရရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့် အခြားမြို့များနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ ပြည်တွင်းခရီးသွားဦးရေ ကျား(၇၈)ဦး၊ မ(၆၂)ဦး ပြည်ပခရီးသွားဦးရေ ကျား(၂)ဦး၊ မ(၁)ဦးတို့ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၆)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၆)စု၊မပြေ လည်သော အိမ်ထောင်စု (၆၃)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု(၁၅)စုရှိပါသည်။

မန်ကတ်(ကိုးကန့်)ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုဦးရေများပြီး မြေယာပိုင်ဆိုင်သော အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၆၄)စုရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၀)စုရှိပါသည်။ မြေယာ(၂.၅) ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၁၁)စုရှိပြီး၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စု အရေအတွက်မှာ (၈)စုရှိပါသည်။ မြေယာ (၂.၅)ဧကနှင့် (၅)ဧကကြား ပိုင်ဆိုင်သော အိမ်ထောင်စုအရေအတွက်မှာ (၂၂)စုရှိပြီး အမျိုးသမီးဦးဆောင်အရေအတွက်မှာ(၅)စုရှိ ပါသည်။ မြေယာ (၅)ဧကနှင့် (၁၂)ဧကကြားပိုင်ဆိုင်သော အိမ်ထောင်စုအရေအတွက်မှာ (၄)စုရှိပြီး အမျိုးသမီးဦးဆောင်အရေအတွက်မှာ(၁)စုရှိပါသည်။ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာများမရှိပါ။ စိုက်ပျိုးသည့် အချိန်ရောက်လျှင် ငှားရမ်းပြီး စိုက်ပျိုးရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့ မန်ကတ်(ကိုးကန့်)ကျေးရွာတွင် လူငယ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ မီးသတ်အဖွဲ့၊ ဝုန်းမေတ္တာအဖွဲ့ နှင့် ကောပါကအဖွဲ့ ဖွဲ့စည်းထားပါသည် ။ ထိုအဖွဲ့အစည်းများရှိသောကြောင့် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အဆင်ပြေစေပါသည်။ ကျန်းမာရေးအဖွဲ့သည် လူနာများကို စေတနာထား၍ ကုသပေးပါသည်။ ငွေကြေးအခက်အခဲရှိသော လူနာများကိုလည်း လိုအပ်သောဆေးများနှင့် အာဟာရနို့မုန့်များကို ကျေးမွေးပါသည်။ ပြည်သူ့စစ်အဖွဲ့နှင့် မီးသတ်အဖွဲ့သည် ကျေးရွာ၏ လုံခြုံရေးကိတ်စများကို ဆောင်ရွက်ကြပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် တောင်ယာလုပ်ငန်းကိုသာ အဓိကအားဖြင့် လုပ်ကိုင်ကြပြီး မြေပိုင်ဆိုင်မှုနည်းပါသည်။ လယ်မြေ(၁)ဧကနှင့် တောင်ယာမြေ(၁၃၃.၅)ဧကရှိပြီး စိုက်ပျိုးမြေဧကပေါင်း(၁၃၄.၅)ဧကရှိပြီး မစိုက်ပျိုးပဲထားသောမြေလွတ်မြေလပ်မရှိပါ။ ပျမ်းမျှ(၁)ဧကအထွက်နှုန်းတင်း(၃၀)ထွက်ရှိပြီး သီးနှံစိုက်ပျိုးသည့်ကာလမှာ ဇွန်လမှဇူလိုင်လအထိရှိပါသည်။ စပါးစိုက်ပျိုးသည့် ဧက(၂၄)ဧကရှိပြီး ပျမ်းမျှ(၁)ဧကလျှင် တင်း(၈၀)ထွက်ပါသည်။ သီးနှံစိုက်ပျိုးသည့်ကာလမှာ ဇူလိုင်လမှစက်တင်ဘာလအထိရှိပါသည်။

ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် ကိုယ်ပိုင်လယ်ယာသုံးစက်ကိရိယာများမရှိပါ။ စိုက်ပျိုးသည့်အချိန်ရောက်လျှင် ငှားရမ်းပြီး စိုက်ပျိုးရပါသည်။ တောင်ယာကို လုပ်ကိုင်စားသောက်သောကြောင့် သီးနှံထုတ်လုပ်မှုပြဿနာအခက်အခဲမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူကြပြီး ဝက်နှင့်ကြက်များကို စားသုံးရန်အတွက်သာ မွေးမြူကြပါသည်။ ကျွဲမွေးမြူသော အိမ်ထောင်စု(၄)စုရှိပြီး ကျွဲကောင်ရေ(၂၁)ကောင်ရှိပါသည်။ နွားမွေးမြူသောအိမ်ထောင်စု(၉)စုရှိပြီး နွားကောင်ရေ(၃၀)ကောင်ရှိပါသည်။ ကြက်မွေးမြူသောအိမ်ထောင်စု (၃၇)စုရှိပြီး ကြက်ကောင်ရေ(၄၅၇)ကောင်ရှိပါသည်။ ဝက်မွေးမြူသောအိမ်ထောင်စု(၂၇)စုရှိပြီး ဝက်ကောင်ရေ(၁၀၇)ကောင်ရှိပါသည်။ မွေးမြူရေးအစာဆေးတို့ကို အဆင်ပြေစွာဝယ်ယူနိုင်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေမရှိပါ။ မိမိခြံဝန်းအတွင်းနှင့် ကိုယ်ပိုင်တောင်ယာများတွင်သာ မွေးမြူထားခြင်းဖြစ်ပါသည်။ တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်အတွက် မွေးမြူရေးနှင့်ဆိုင်သော ပြဿနာအခက်အခဲများလည်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးအပြင် အခြားအသက်မွေးလုပ်ငန်းများမှာ အမျိုးသားပန်းရံလုပ်ငန်းနှင့်စပါး၊ ပြောင်းခြွေလှေစက်နှင့်နေ့စားလိုက်ခြင်း၊ အမျိုးသမီးများမှာ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရှာဖွေ၍ ဟိုပိတ်စျေးသို့ လာရောက်ရောင်းချကြပါသည်။

အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ဆောင်မှုများလည်းမရရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါသည်။ ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။ ရွှေ့ပြောင်းသွားလာသူသည် သဘောဆန္ဒပါမှုနှင့် အိမ်မှာလည်းငွေရေးကြေးရေးအဆင်မပြေမှုကြောင့် (၆)လ(သို့)(၁၂)လအထက်တွင် ငွေများသွားရှာကြပါသည်။

ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်ဖြစ်သည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု တောင်ယာလုပ်ငန်းများဖြင့် တွန်းအားနည်းမှုကြောင့်ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ မိသားစုထံသို့ ပြန်ပို့ငွေကို ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)မှတဆင့် ပေးပို့ကြပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့မန်ကတ်(ကိုးကန့်) ကျေးရွာတွင် ချေးငွေကို မိတ်ဆွေ၊ အိမ်နီးချင်း၊ ဆွေမျိုးများထံတွင် ချေးယူရရှိနိုင်ပါသည်။ မိတ်ဆွေအသိများထံမှချေးယူပါက ယုံကြည်မှုဖြင့် အပေါင်ပစ္စည်းမယူဘဲချေးယူရရှိပါသည်။ အချို့မှာစိုက်ပျိုးချိန်အကြွေးယူပြီး သီးနှံရိတ်သိမ်းပြီးသောချိန်တွင် အသီးအနှံသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း အကြွေးပြန်ဆပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုသွားလာနေရသည်။ မြစ်များ၊ ချောင်းများမရှိသောကြောင့် တံတားများမရှိပါ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေး အတွက် ဆိုင်ကယ်နှင့်နွားလှည်းအသုံးပြုမှုများပါသည်။ ဆိုင်ကယ်(၉၇)စီး၊ သုံးဘီးဆိုင်ကယ် (၃)စီး ထော်လာဂျီ(၉)စီးနှင့်ကား(၅၂)စီးရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ မန်ကတ်(ကိုးကန့်)ကျေးရွာတွင် ဓါတ်အားလိုင်းကိုသာ အသုံးပြုကြပါသည်။ ဆိုလာစနစ်အသုံးပြုသူ အနည်းငယ်သာရှိပါသည်။ ဓါတ်အားလိုင်း အသုံးပြုသူ အိမ်ထောင်စု(၈၅)စုရှိပြီး ဆိုလာစနစ်အသုံးပြုသူ အိမ်ထောင်စု(၁၂)စုရှိသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် ဆက်သွယ်ရေးကောင်းမွန်ပြီး ဆက်သွယ်ရေးအော်ပရေတာ အားလုံးလည်း အသုံးပြုနိုင်သည်။ ကျွန်တော်တို့မန်ကတ်(ကိုးကန့်)တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များအတွက် ဖုန်း(၂၀၆)လုံး၊ တီဗွီ(၅၈)လုံး၊ စလောင်း(၃၈)လုံးရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည် မရှိပေ။

၇။ ပညာရေး

ကျွန်တော်တို့ မန်ကတ်(ကိုးကန့်)ကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်မှုနှုန်းများ နေပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ချို့အိမ်ထောင်စုများသည် ပင်ငွေနည်းသောကြောင့် အလယ်တန်းဆက်မတက်နိုင်တော့ဘဲ ကျောင်းထွက်အလုပ်လုပ်ကြပါသည်။

ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူနည်းရခြင်းမှာ မိဘများသည် စားဝတ်နေရေးအခက်အခဲကြောင့် ပညာရေးကိုဦးစားမပေးနိုင်ကြပါ။ စာသင်ကျောင်းနှင့်ကျေးရွာကွာဝေးခြင်း၊ မိဘများ၏စာပေဗဟုသုတနည်းခြင်းကြောင့်ငင်း ကျောင်းတက်ရောက်မှုကျဆင်းရခြင်းဖြစ်ပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ကျေးရွာတွင် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးပါသည်။ (၃)လတစ်ကြိမ်၊ (၆)လ တစ်ကြိမ်ထိုးပေးပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ချထားပေးသော ကာကွယ်ဆေးတိုင်းထိုးနှံ

ပေးပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ အထူးပူပန်စရာမလိုဘဲ ဆိုင်ကယ်(သို့)ထော်လာကျိုဖြင့် သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာမှမနိုင်မှသာလျှင် (၃၄)မိုင်ခန့်ဝေးသော လားရှိုးဆေးရုံကြီးသို့ လွှဲပြောင်းကုသကြပါသည်။

ကျေးရွာတစ်ရွာလုံး ရေလောင်းယင်လုံအိမ်သာအိမ်တိုင်းရှိကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သောရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တောသစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်းအပင်ငယ်များကို စိုက်ပျိုးခြင်းမရှိပါ။ ရွာတွင်ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ၊ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်) မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ရေကြီးမှုနှင့် ရေတိုက်စားမှုများကြောင့် ရေတားတမံများ ပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များက မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအုပ်ချုပ်မှုစနစ်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်ခွင့်ရှိပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှု၊ ခေါင်းဆောင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ၏အခွင့်အရေးမှာ အမျိုးသားများနှင့်နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာအိမ်ထောင်ကိုဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့်အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှုပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။

ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေး အပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေးကိစ္စ များတွင် အမျိုးသားများထက်ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများမရှိပါ။ မိမိတို့၏ရိုးရာစာပေများကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးလျှက်ရှိပါသည်။ ရိုးရာဓလေ့များထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်းရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ စာကြည့်တိုက်များရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးကို အုပ်ချုပ်ရေးပိုင်းမှ ဦးဆောင်စီမံခန့်ခွဲ လျှက်ရှိပါသည်။ ကြိုတင်ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့အစည်းများမရှိပါ။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှုစသည့်ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိပါသည်။ လူကုန်ကူးမှုနှင့်အမျိုးသမီး များအား အကြမ်းဖက်မှုများမရှိပါ။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

ဟိုပိတ်ကျေးရွာအုပ်စု၊ မန်ကတ်(ကိုးကန့်)ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း	၁	Â	Â			
၂	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၂		Â	Â		
၃	စိုက်ပျိုးရေးအသိပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၃		Â	Â	Â	
၄	မွေးမြူရေးအသိပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၄	Â	Â	Â		
၅	မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း	၅	Â	Â	Â	Â	Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) မန်ကတ်(ကိုးကန့်)ကျေးရွာ

ကျေးရွာ	- မန်ကတ်(ကိုးကန့်)ကျေးရွာ
ကျေးရွာအုပ်စု	- ဟိုပိတ်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာကတ္တရာလမ်းခင်းခြင်းလုပ်ငန်း(၇၀၀'× ၁၂'× ၉") **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု**	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၅၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

• ၁၂၈၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၄၇	၃၅၇	၇၀၄	၆	၁၇	၆၃	၁၅	၁၀၁
အကျိုးခံစားမည့်သူဦးရေ	၃၄၇	၃၅၇	၇၀၄	၆	၁၇	၆၃	၁၅	၁၀၁
မှတ်ချက်။ချောင်လည်အဆင့်-၁၊အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • မန်ကတ်(ကိုးကန့်)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁.၁၁.၂၀၂၃
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၃၀.၁၁.၂၀၂၃
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှလုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ဟိုပိတ်ကျေးရွာအုပ်စု၊ မန်ကတ်(ကိုးကန့်)ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလောက်ဟိုက်	ဦးချန်ခင်	၁၃/လရန(နိုင်)၀၅၇၁၇၂	၅၃	ဥက္ကဋ္ဌ	၀၉-၉၅၁၄၉၃၅၅၇
၂	ဦးလော်ပေါင်း	ဦးလော်ဝူ	၁၃/လရန(နိုင်)၁၁၉၃၉၃	၄၆	အဖွဲ့ဝင်	၀၉-
၃	ဦးကြာချင်	ဦးယန်ရှောစွမ်း	LSO-၂၁၁၂၅၅	၂၉	စာရင်းကိုင်	၀၉-၄၀၃၇၁၃၈၄၀
၄	ဦးယန်ရှိဆော	ဦးယန်ကျင်ရုံး	၁၃/လရန(နိုင်)၀၅၇၁၇၇	၄၀	ဘဏ္ဍာရေးမှူး	၀၉-၈၉၄၃၀၅၉၇၆
၅	ဦးလောက်ဝူ(ခ)စိုးနိုင်	ဦးရန်ရင်အန်း	၁၃/လရန(နိုင်)၀၆၀၁၈၉	၄၇	သေ့ကိုင်	၀၉-
၆	ဦးမာအမ်းကျွန်	ဦးမာကျိန်းမြင်	၁၃/လရန(နိုင်)၀၁၆၆၀၂	၅၄	သေ့ကိုင်	၀၉-
၇	ဦးရန်လုံကွမ်	ဦးရန်လောဖန်း	၁၃/လရန(နိုင်)၀၁၅၁၀၃	၄၉	အတွင်းရေးမှူး	၀၉-

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလောက်ဟိုက်	ဦးချန်ခင်	၁၃/လရန(နိုင်)၀၅၇၁၇၂	၅၃	ဥက္ကဋ္ဌ	၀၉-၉၅၁၄၉၃၅၅၇
၂	ဦးယန်ရှိဆော	ဦးယန်ကျင်ရုံး	၁၃/လရန(နိုင်)၀၅၇၁၇၇	၄၀	ဘဏ္ဍာရေးမှူး	၀၉-၈၉၄၃၀၅၉၇၆
၃	ဦးကြာချင်	ဦးယန်ရှောစွမ်း	LSO-၂၁၁၂၅၅	၂၉	စာရင်းကိုင်	၀၉-၄၀၃၇၁၃၈၄၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၃	၁၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၀	၂၈		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၃၀	၄၉		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၈	၂၈၀	၅၄၈	၃	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၉	၃၂	၆၁		
စုစုပေါင်း		**၃၄၇**	**၃၅၇**	**၇၀၄**	**၃**	**၁**
စုစုပေါင်း အိမ်ထောင်စု						**၁၀၁**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။(၁)နှစ်အောက်ကလေးမွေးဖွားမှုနှုန်းကျဆင်းခြင်းအကြောင်းမှာ လူငယ်အများစုသည် ကျေးရွာတွင် အခြေချနေထိုင်ခြင်းမရှိဘဲ ရပ်ဝေးဒေသသို့ ရောက်ရှိနေသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင် မူလတန်းနှင့်အလယ်တန်းကလေးများမှာ နည်းပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ တစ်ချို့မှာ

စီးပွားရေးကြောင့် ပြည်တွင်း/ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကြပြီး တချို့မှာတောင်သူလုပ်ငန်းလုပ်ကိုင်ကြပါသည်။ သက်ကြီးရွယ်အိုအနည်းငယ်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၅	၇၈	၅	၄၅	၃၃		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၄	၁၄	၂	၁၀	၄		မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□လတ်□နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၆	၈	၄	၄	၄		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၇	၆၅	၁၃	၃၇	၂၈		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်/ လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၀၁	၁၆၅	၂၄	၉၆	၆၉		☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု**၊ (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး**။

မှတ်ချက်။။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။ စိုက်ပျိုးရေးအပြင် ကျွဲ၊နွား၊ ကြက်နှင့်ဝက်တို့ကိုလည်း မွေးမြူကြပါသည်။ မွေးမြူရေးသည် တစ်လုံးတစ်ခဲတည်း ဆုငွေ သဘောဖြစ်ပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓာန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ ရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်ကြသည်။ စိုက်ပျိုးရေးအတွက် ကျားလုပ်အားခအများဆုံးမှာ (၁၂၀၀၀/-)ကျပ်ဖြစ်ပြီး မလုပ်အားခအများဆုံးမှာ (၁၀၀၀၀/-)ကျပ်ဖြစ်ပါသည်။ ကျား၏အလုပ်သည် မ၏အလုပ်ထက် ပိုလုပ်ရပါသည်။ လက်သမား/ပန်းရံလုပ်အားခမှာ ကျားလုပ်အားခအများဆုံး (၁၅၀၀၀)ကျပ်မှ (၁၀၀၀၀)ကျပ်ထိရရှိပြီး မလုပ်အားခအများဆုံး(၁၂၀၀၀)ကျပ်မှ (၈၀၀၀)ကျပ်ထိရရှိသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်ကြမ်းပိုလုပ်ရသောကြောင့် လုပ်အားခ ပိုရရှိရခြင်းဖြစ်သည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၃၃.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၃၄.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် လယ်နှင့်တောင်ယာကို အဓိကလုပ်ကိုင်စားသောက်သည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ဖြစ်ပြီး သီးနှံစျေးကွက်မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော ဧကနည်းနေရခြင်းဖြစ်ပါသည်။ သီးနှံဖြစ်ထွန်းရန် မြေဩဇာဓာတ်ထည့်နိုင်မှသာ ပိုထွက်ပါသည်။

(၈-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ရွာ၏အနီးနားပတ်ဝန်းကျင်တွင် ကျောက်၊ သဲ အနည်းငယ်သာတွေ့ရှိပြီး သဘာဝအပင်နှင့်တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်သာရှိသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၆	၁၇	၆၃	၁၅

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမရှိဘဲ အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုနည်းပါးပြီး မပြေလည်သောအိမ်ထောင်စုများပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု၏ နေအိမ်များသည် နှစ်ထပ်တစ်ထပ်တိုက်များနှင့် ပျဉ်ထောင်အိမ်များဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုနေအိမ်များသည် ဝါး၊ ထရံကာ၊ သွပ်မိုးများဖြင့် နေထိုင်ကြပါသည်။ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၆		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် မုဆိုးဖိုတစ်ခုလပ် အိမ်ထောင်စု (၂၆)အိမ်ရှိပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် အားလပ်သည့်အချိန်တွင် လယ်ယာလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	Â			Â		
၂	လျှပ်တပြတ်ရေကြီးခြင်း		Â		Â		
၃	မုန်တိုင်းဒီရေ	Â			Â		
၄	ဆူနာမီ	Â			Â		
၅	တိုင်ဖုန်းမုန်တိုင်း	Â			Â		
၆	လေဆင်နှာမောင်း	Â			Â		
၇	ငလျင်	Â			Â		
၈	အပူလှိုင်း		Â		Â		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု		Â		Â		
၁၀	အအေးလှိုင်း		Â		Â		
၁၁	မိုးသီးကြွေကျမှု	Â			Â		
၁၂	မိုးခေါင်ခြင်း	Â			Â		
၁၃	တောမီးလောင်ခြင်း		Â		Â		
၁၄	မြစ်ကမ်းပါးပြိုခြင်း	Â			Â		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	Â			Â		
၁၆	မြေပြိုခြင်း		Â		Â		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	Â			Â		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	Â			Â		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	Â			Â		
၂၀	သစ်တောပြုန်းတီးခြင်း		Â			Â	
၂၁	ငှက်ဖျားရောဂါ	Â			Â		
၂၂	တီဘီရောဂါ	Â			Â		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	Â			Â		
၂၄	ကပ်ရောဂါ	Â			Â		
၂၅	ပြည်တွင်းပဋိပက္ခ	Â			Â		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	Â			Â		
၂၇	လူကုန်ကူးခြင်း	Â			Â		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	Â			Â		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်၊ အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း တောမီးလောင်ခြင်းနှင့် စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်သာလျှင်ရှိပါသည်။ ဆန်အတွက်မပူရဘဲ အခြားအပြင်မှဝယ်ယူရသော စားသောက်ကုန်ပစ္စည်းများသာလျှင် ငွေရေးကြေးရေး အခက်အခဲရှိနိုင်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			Â	Â		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	Â			Â		
၃	ဆင်းရဲသားတောင်သူ		Â			Â	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	Â			Â		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	Â			Â		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	Â			Â		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	Â			Â		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	Â			Â		
၉	ငါးကန်ပိုင်ရှင်များ	Â			Â		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		Â			Â	
၁၁	လူနည်းစုလူမျိုးများ	Â			Â		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	Â			Â		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	Â			Â		
၁၄	ရွှေတွင်းလုပ်သားများ	Â			Â		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	Â			Â		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၆	နေရပ်ပြန်အခြေချသူများ	Â			Â		
၁၇	ရွှေ့ပြောင်းလုပ်သားများ	Â			Â		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	Â			Â		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မန်ကတ်(ကိုးကန့်)ကျေးရွာ၏ လူငယ်များသည် အလုပ်အကိုင်ရှားပါးမှုကြောင့် ကျေးရွာတွင် နေထိုင်လိုခြင်းမရှိဘဲ အခြားအရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့်ဆင်းရဲသားတောင်သူတို့သည် စားဝတ်နေရေးကြပ်တည်းမှုကြောင့် အခြားဝင်ငွေရလုပ်ငန်းဖြစ်သည့် ခမောက်လုပ်ငန်း၊ ဝါးစားပွဲလုပ်ငန်းနှင့် ခြံထွက်ဟင်းသီးဟင်းရွက် ရောင်းချခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စား ကျပန်းများသည် လုပ်ငန်းပုံမှန်မရှိဘဲ ရံဖန်ရံခါသာ လုပ်ကိုင်ကြရသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁☑၂☐၃☐	၅	၅	၁၀	ပညာရေး☐ဌေးကြေး☐ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ပြည်သူ့စစ်အဖွဲ့	၁□၂☑၃□	၅		၅	ပညာရေး□ဌေးကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၃	ဂေါပကအဖွဲ့	၁□၂□၃☑	၁		၁	ပညာရေး□ဌေးကြေး□ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း □ သင့်☑ ညံ့□
၄	ကျန်းမာရေးအဖွဲ့	၁□၂☑၃□		၁	၁	ပညာရေး□ဌေးကြေး□ကျန်းမာရေး☑ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း □ သင့်☑ ညံ့□
၅	လူငယ်အဖွဲ့	၁□၂☑၃□	၁၀	၁၀	၂၀	ပညာရေး□ဌေးကြေး□ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆	မီးသတ်အဖွဲ့	၁□၂☑၃□	၅		၅	ပညာရေး□ဌေးကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဌေစုဌေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ မန်ကတ်(ကိုးကန့်)ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့ရှိပါသည်။ ကျေးရွာတွင် သာရေး/နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ တစ်ရွာလုံး စုပေါင်းလုပ်ဆောင် ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၁□၂□၃□၄□၅□၆□၇□	**ပညာရေး□ငွေကြေး☑** **ကျန်းမာရေး□ဘာသာရေး□** **စိုက်ပျိုးမွေးမြူရေး□** **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□**

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ**(**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ကတ်(ကိုးကန့်)ကျေးရွာတွင် ပြည်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၅	၂၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၅		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၅		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၆		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၀၁	၂၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မန်ကတ်(ကိုးကန့်)ကျေးရွာ၏မြေယာမဲ့များသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသာဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ (၂.၅)ဧကအောက်သာလျှင် လုပ်ကိုင်နိုင်ပြီး ဆင်းရဲသားတောင်သူများသာ ဖြစ်ပါသည်။ (၂.၅)ဧကမှ (၅)ဧကကြားလုပ်ကိုင်နိုင်သည့် တောင်သူဦးရေမှာရှားပါးပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိမ့်စမ်းရေကိုအဓိကထားအသုံးပြုပါသည်။ တစ်နှစ်ပတ်လုံးရေ လုံလောက်မှုရှိပြီး လွန်ခဲ့သော(၁၀)နှစ်ကထက် အနည်းငယ်လျော့နည်းမှုရှိပါသည်။ ဆည်ရေနှင့် စိမ့်စမ်းရေသောက်ဧက(၈၀) ကျော်ခန့်သာ ရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၁၃၃.၅	တင်း	၂၅	၅၀	၃၀	ဇွန်	ဇူလိုင်	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ် ... **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်ပျိုးရေးသည် (၁)ဧကလျှင် ပျမ်းမျှ(၅၀)တင်းရရှိပြီး မြေဩဇာနိုင်နိုင်သုံးနိုင်မှသာ ရနိုင်မည့်အတိုင်းအတာဖြစ်ပြီး ပြောင်းစိုက်ပျိုးရေးသည်(၁)ဧကလျှင် တင်း(၃၀)ခန့်သာရရှိပါသည်။ စပါးနှင့် ပြောင်းစိုက်ပျိုးခြင်းကြောင့် အမြတ်ရရှိနိုင်မှုမှာ အသင့်အတင့်သာဖြစ်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□**
